## Is Jadelle expensive? Can I afford it?




- SQHC providers have been trained to answer all your questions regarding modern family planning methods including Jadelle.
- SQHC provider can help you decide the best method for your needs.
- If you decide that Jadelle is the best method for you, visit your SQH clinic where you will receive full family planning counseling as well as your final chosen method for a promotional price of 500 kyats.




## Where Do I go for more information?

Please visit a Sun Quality Health Clinic for more information on Jadelle. The Sun doctors are trained to help you decide whether Jadelle is the best method to suit your birth spacing needs.

Sun
QUALITY HEALTH

**IMPORTANT**

Jadelle implants do not protect you from HIV/AIDS or other Sexually Transmitted Infections (STIs). If you think you or your partner may have an STI, or if you think you are at risk of contracting an STI, protect yourself each time you have sex by using a condom. Your Sun doctor can provide you with OK condoms.

JADELLE®

Bayer HealthCare
Bayer Schering Pharma

# Save, Effective and High Quality Jadelle Implant



PSI

Sun QUALITY HEALTH

## What is Jadelle?

- Jadelle implant is a birth spacing method inserted just under the skin of your upper arm.
- It protects you from pregnancy effectively for up to five years.




## How does Jadelle work?

- Pregnancy can occur when a women's egg and a man's sperm meet.
  Jadelle implant works by stopping your body from producing eggs. As no eggs are released, you cannot become pregnant.

## Will I be able to become pregnant after Jadelle has been removed?

- Jadelle implant is very effective and reversible.
- Once it is removed you may become pregnant as quickly as women who have not used any contraception.

## What are the benefits of using Jadelle?

- Protects you from unintended pregnancy for 5 years.
- Is an effective family planning method for long term use.
- Does not affect your routine work.
- Is very safe.
- Is invisible once inserted so nobody except your health provider will know you are using it.
- Is convenient to use because you do not have to take contraceptives everyday/or regularly.



- Can be used by breast feeding mothers.
- Helps to protect your body from certain female cancers.

## Who can use jadelle?

Jadelle can be used by any women who:

- Want reliable and longer term reversible contraceptive method.

## Can every woman use Jadelle?



- You should not use Jadelle if you know or suspect you are pregnant.
- There are certain other medical conditions which could prevent you from using Jadelle. (Your Sun Quality Health Provider will conduct a medical history prior to insertion to ensure you are eligible)



## Is Jadelle safe?

- YES! Jadelle is safe. It is gentle on a woman's body and is used by millions of women around the world.

## Do some women have side effects while using Jadelle?

- As with most family planning methods, some women may have side effects while using Jadelle.
- You may have more bleeding, less bleeding or no bleeding.
- The length of time between periods may vary. Between your periods you may have spotting.
- Other side effects that can sometimes occur include:
- Headache, nausea; mood changes, breast tenderness, abdominal pains, and a small amount of weight gain.
- DO NOT WORRY! These are not harmful. Most side effects - other than missing your monthly period - are likely to become less or go away after a few months. If you are still worried see your Sun Quality Health provider.

## How is Jadelle removed?

- Jadelle implants must be removed at the end of 5 years. If you wish to continue using Jadelle, a new set of implants can be inserted at the same time as the old set is removed.

## When can I start using Jadelle?

It is important to make sure you are not pregnant before starting Jadelle.

Jadelle can also be used by women:

- who want to change from another birth spacing method.
- who are breastfeeding.
- who have just had an abortion

Please check with you Sun Quality Health provider for more details.

## Will the implant move around?

No. They will remain under the skin where they are placed. They are flexible and cannot break in your arm.



## Jadelle ကဈေးကြီးပါသလား၊ ကျွန်မတတ်နိုင်ပါ့မလား။

- Jadelle ကိုပုံမှန်အားဖြင့် သင်နေထိုင်ရာမြို့နယ်မှာရှိတဲ့ နေအရည်အသွေးပြည့်ကျန်းမာရေး ဆေးခန်းမှာ ထည့်သွင်း နိုင်ပါတယ်။
- အမျိုးသမီးများဟာ နေအရည်အသွေးပြည့်ကျန်းမာရေး ဆေးခန်းရဲ့ အထူးအစီအစဉ် အရ အကျိုး ကျေးဇူးများကို ရရှိနိုင်ပါတယ်။
- အထူးအစီအစဉ်တွင် အကျုံးဝင်သော အမျိုးသမီးများကို လျှော့ဈေးဘောက်ချာများ ထုတ်ဝေပေးမှာ ဖြစ်ပါတယ်။
- ဒီဘောက်ချာကို အသုံးပြုခြင်းဖြင့် သင်ဟာ စနစ်တကျ လေ့ကျင့် ထားသော နေအရည်အသွေးပြည့် ကျန်းမာရေး ဆေးခန်း ဆရာဝန်မှ ထည့်သွင်းပေးခြင်းကို တန်ဖိုးငွေ ၅၀၀ ကျပ် တည်းဖြင့် ရရှိနိုင်မှာ ဖြစ်ပါတယ်။




- ဒါကြောင့်သင်ဟာ ဒီလျှော့ဈေးဘောက်ချာအစီအစဉ်မှာ အကျုံးဝင်မှုရှိမရှိ သင့်ရဲ့ နေအရည်အသွေးပြည့် ကျန်းမာရေး ဆေးခန်းဆရာဝန်ဆီမှာ စုံစမ်းသင့်ပါ တယ်။




## မိုပြီးပြည့်ပြည့်စုံစုံ သိချင်ရင် ဘယ်ကိုသွားရမလဲ။

- နေ အရည်အသွေးပြည့် ဆေးကုခန်းမှ ဆရာဝန်များက သင့် မေးခွန်းအားလုံးကိုဖြေဆိုပေးနိုင်ပါတယ်။ ထိုဆရာဝန် တစ်ဦးချင်းစီကို ပြည်သူ့ ကျန်းမာရေး ဝန်ဆောင်မှု အဖွဲ့က နောက်ဆုံးပေါ်နည်းလမ်းများနှင့် ပတ်သက်၍ လေ့ကျင့်ပေးထားပြီး ဖြစ်ပါတယ်။
- နေ အရည်အသွေးပြည့် ဆေးကုခန်းမှ ဆရာဝန်များက Jadelle ဟာသင့်လိုအပ်ချက်အတွက် အကောင်းဆုံး ဟုတ်/မဟုတ် ဆုံးဖြတ်ရာတွင် ကူညီနိုင်ပါတယ်။

### အထူးသတိပြုရန်

Jadelle တွေဟာ အိပ်ချ်အိုင်ဗွီ၊
အေအိုင်ဒီအက်စ် ရောဂါ သို့မဟုတ် ဂနို၊
ဆစ်ဖလစ်စတဲ့ လိင်မှတဆင့် ကူးစက်တဲ့
ရောဂါတွေကို ကာကွယ် မပေးနိုင်ပါဘူး။
သင့်မှာ အဲဒီရောဂါတွေ ကူးစက်နိုင်ခြေ ရှိရင်တော့
ကွန်ဒုံးသုံးပြီး သင့်ကိုယ်သင် ကာကွယ်ပါ။
ဒီထက်ပိုပြီး သိချင်ရင်တော့
နေ အရည်အသွေးပြည့် ကျန်းမာရေးဆေးကုခန်းမှ
ဆရာဝန်ကို မေးနိုင်ပါတယ်။

# ယုံကြည်စိတ်ချ ထိရောက်မှု ရှိသည့် အရည်အသွေးမြင့်တာရှည်ခံ အရေပြားအောက်ထည့် သန္ဓေတားပစ္စည်း



## Jadelle ဆိုတာဘာလဲ။

- Jadelle ဆိုတာ အမျိုးသမီး ၏ လက်မောင်း အရေပြား အောက်သို့ ထည့်သွင်းရသော ခေတ်မီ သန္ဓေတားနည်း ဖြစ်ပါတယ်။
- Jadelle ကို ထည့်သွင်းထားခြင့်ဖြင့် ၅နှစ်အထိ သန္ဓေ မရ ရှိအောင်ထိရောက်စွာ တားပေးပါတယ်။




## Jadelle ကဘယ်လိုနည်းနဲ့ သားဆက်ခြားပေးမှာလဲ။

- မမျိုးဥနှင့် သုက်ပိုးတွေ ဆုံပါ က သန္ဓေရရှိနိုင်ပါတယ်။
- Jadelle က မမျိုးဥ ထုတ်လွှတ်ခြင်း ကို တားပေးပါတယ်။ မမျိုးဥထုတ်လွှတ်ခြင်းမရှိတဲ့အခါ သန္ဓေမရရှိနိုင်ပါ။

## Jadelle ကိုထုတ်ပြီးရင် ကျွန်မကိုယ်ဝန် ပြန်ရနိုင်ပါသလား။

- Jadelle ကိုလက်မောင်းအောက်မှ ပြန်ထုတ်လိုက်တာ နှင့်တပြိုင်နက် မမျိုးဥပြန်လည်ထုတ်လွှတ်ပြီး သန္ဓေ ချက်ချင်း ပြန်လည်ရရှိနိုင်ပါတယ်။
- Jadelle ကိုထုတ်ပြီးပြီးချင်း သားဆက်ခြားနည်းမသုံးစွဲ သောအမျိုးသမီးများ နည်းတူ အမြန်ဆုံး ကိုယ်ဝန်ပြန်ရ နိုင်ပါတယ်။

## Jadelle ကိုသုံးခြင်းဖြင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေက ဘာတွေလဲ။

- စိတ်ချမ်းသာမှုကို ရရှိစေပါသည်။
- Jadelle က မလိုလားအပ်တဲ့ ကိုယ်ဝန်ရခြင်းမှ ၅ နှစ်အထိ ကာကွယ် ပေးပါတယ်။
- Jadelle ထည့်ပြီးပြီးချင်း မိမိ လုပ်ဆောင်နေကျ အိမ်မှု လုပ်ငန်းတာဝန်များကို အနှောက်အယှက်မရှိ လုပ်ဆောင်နိုင်ပါတယ်။



- ထုတ်ပြီးမကြာမီကာလအတွင်း ကလေးပြန်ရနိုင်ပါတယ်။
- အန္တရာယ် လည်းကင်းပါတယ်။
- သင့်ကိုထည့်သွင်းပေးထားသော ဆရာဝန်မှလွဲ၍ သင်ထည့်သွင်းထားခြင်းကို မည်သူ မှ မသိနိုင်ပါဘူး။
- နေ့ စဉ် / လစဉ် မမေ့မလျော့ ဆေးသောက် / ဆေးထိုးစရာ မလိုပါဘူး။
- နို့ တိုက်မိခင်များ သုံးနိုင်ပါတယ်။
- အမျိုးသမီး ကင်ဆာရောဂါအချို့မှကာကွယ်ပေးနိုင်ပါတယ်။

## Jadelle ကိုဘယ်လိုအမျိုးသမီးတွေမှာ အသုံးပြုလို့ရပါသလဲ။

အောက်ဖော်ပြပါလူတွေမှာ အသုံးပြုလို့ ရပါတယ်။

- မိသားစုပြည့်စုံပြီး သားကြောမဖြတ်လိုသူများ။
- နောင်တွင် ကလေး ထပ်မံယူရန်အစီအစဉ်ရှိသူများ။
- နှစ်ရှည်ခံနည်း သုံးလိုသူများ။

## Jadelle ကိုအမျိုးသမီးတိုင်းသုံးလို့ရပါသလား။



- သင့်မှာ ကိုယ်ဝန်ရှိနေရင် သို့ ကိုယ်ဝန်ရှိနေတယ်လို့ သံသယရှိရင် သုံးစွဲလို့ မရပါဘူး။
- Jadelle အသုံးပြု လို့ မရသောအခြားသော ကျန်းမာရေး ဆိုင်ရာ အခြေအနေများ ရှိပါသေးတယ်။ ဒီအတွက် နေ အရည်အသွေးပြည့် ဆေးကုခန်းမှ ဆရာဝန်က လိုအပ်တဲ့ ကျန်းမာရေး အခြေအနေများ ကို သေချာစွာ စစ်ဆေးပြီးမှ ဆုံးဖြတ်ပါလိမ့်မယ်။



## Jadelle ဟာအန္တရာယ်ကင်းစိတ်ချရပါလား။

- Jadelle ရဲ့ အာနိသင်ဟာ စိတ်ချရတဲ့ အတွက် ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော အမျိုးသမီးများက အန္တရာယ်ကင်းစွာ သုံးနေကြပါတယ်။

## Jadelle ကြောင့် မလိုလားအပ်တဲ့ အခြားခံစားမှုများရရှိနိုင်ပါသလား။

- အခြားသောသားဆက်ခြားနည်း များလိုပဲ အချို့သော အမျိုးသမီးတွေမှာ မလိုလားအပ် တဲ့ ခံစားမှုအနည်းငယ် ခံစားရတတ်ပါတယ်။
- ရာသီ၊မီးယပ်များခြင်း၊နည်းခြင်း၊ထိန်သွားခြင်း၊
- ရာသီ၊မီးယပ်တစ်ခု နှင့်တစ်ခုအကြား သွေးပေါ်ခြင်းလည်း ဖြစ်ပေါ်နိုင်ပါတယ်။
- ခေါင်းကိုက်တာ၊ ပျို့ အန်တာ၊ စိတ်မကြည်မလင်ဖြစ်တာ၊ ကိုယ်အလေးချိန်နည်းနည်း တိုးခြင်း၊
- ရင်သားတင်းလာတာ တွေလဲ ခံစားရနိုင်ပါတယ်။ စိတ်မပူပါနဲ့ ။ ဒါတွေဟာ အန္တရာယ်မဖြစ်ပါဘူး။
- ရာသီ၊မီးယပ်ထိန်သွားခြင်းမှလွဲ၍ အခြားသော မလိုလား အပ်တဲ့ ခံစားမှုတွေဟာ လအနည်းငယ် ကြာရင် သက်သာ ပျောက်ကင်းသွားပါလိမ့်မယ်။
- စိတ်ပူနေရင်တော့ နေ အရည်အသွေးပြည့် ကျန်းမာရေး ဆေးကုခန်းမှ ကျွမ်းကျင်သူ ဆရာဝန်နဲ့ ဆွေးနွေးတိုင်ပင်ပါ။

## Jadelle ကိုဘယ်လိုပြန်ထုတ်မှာလဲ။

- Jadelle ကို ၅ နှစ်ပြည့်တာနဲ့ ပြန်ထုတ်ရပါမယ်။ နောက်ထပ် Jadelle ကိုပဲဆက်ပြီး သုံးချင်ရင် အဟောင်း ကိုထုတ်ပြီးတဲ့ အချိန်မှပဲ ပြန်ထည့်သွင်း နိုင်ပါတယ်။

## ဘယ်အချိန်မှာ Jadelle ကိုထည့်ရမလဲ

အသုံးမပြုခင်မှာ ကိုယ်ဝန်ရှိမရှိ သေချာစွာ စစ်ဆေးဖို့ လိုအပ် ပါတယ်။ ထည့်သွင်းရန်အကောင်းဆုံးအချိန်ကတော့ ရာသီ၊ မီးယပ်ပေါ်ပြီး ၇ ရက်အတွင်းဖြစ်ပါတယ်။

Jadelle ကိုအောက်ဖော်ပြပါ အမျိုးသမီးများတွင် လည်း အသုံးပြုနိုင်ပါတယ်။

- အခြားသားဆက်ခြားနည်းများမှ ပြောင်းလည်း အသုံးပြုလို သူများ၊
- နို့တိုက်မိခင်များ၊
- လတ်တလော ကိုယ်ဝန်ပျက်ကျပြီးသူများ၊
- အသေးစိတ် အချက်အလတ်များကိုသိလိုပါကနေအရည် အသွေး ပြည့် ဆေးကုခန်းမှ ဆရာဝန်ထံတွင် မေးမြန်းနိုင် ပါတယ်။

## Jadelle ဟာတခြားနေရာကို ရွေ့နိုင်ပါသလား။

လုံးဝမရွေ့နိုင်ပါဘူး။ အရေပြားအောက်ထည့် သွင်းထားတဲ့ နေရာမှာပဲ ဆက်ရှိနေမှာပါ။ Jadelle ဟာပျော့ပျောင်းပြီး လက်မောင်းထဲမှာလည်း မကျိုးနိုင်ပါဘူး။

